ကေအဲန်ယူ- ကရင်အမျိုးသားအစည်းရုံး

ဗဟိုဌာနချုပ်

ကော်သူးလေ

www.knuhq.org

**ကချင်ပြည်နယ် လိုင်ဇာမြို့အနီးရှိ မုန်လိုင်ခက်ကျေးရွာ စစ်ဘေးရှောင်စခန်း အပေါ်သို့**
**အာဏာသိမ်းစစ်ကောင်စီ၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့်**
**အပြစ်မဲ့စစ်ဘေးရှောင်အရပ်သား ပြည်သူများသေဆုံးခဲ့ရမှုအပေါ်**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ သဘောထားထုတ်ပြန်ချက်**

ရက်စွဲ- အောက်တိုဘာလ (၁၁)ရက်၊ ၂၀၂၃ ခုနှစ်။

၁။ အာဏာသိမ်းစစ်ကောင်စီ၏ စစ်တပ်သည် ၂၀၂၃ ခုနှစ် အောက်တိုဘာလ(၉)ရက်နေ့ ည (၁၁း၃၀) အချိန်ခန့်တွင် ကချင်ပြည်နယ် လိုင်ဇာမြို့အနီးရှိ မုန်လိုင်ခက်ကျေးရွာ စစ်ဘေးရှောင် စခန်းအပေါ်သို့ ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့ရာ ရင်ခွင်ပိုက်လူမမယ်ကလေးသူငယ်များ၊ အမျိုးသမီးများအပါအဝင် စစ်ဘေးရှောင်အရပ်သားပြည်သူ (၂၉)ဦးသေဆုံးခဲ့ရပြီး (၅၇)ဦး ထက်မနည်း ဒဏ်ရာရရှိခဲ့သည့်အပေါ် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ကျန်ရစ်သူမိသားစုနှင့်သော်လည်းကောင်း၊ ကချင်ပြည်သူတစ်ရပ်လုံးနှင့်သော်လည်းကောင်း၊ KIO ကချင်လွတ်လပ်ရေး အဖွဲ့တို့နှင့်သော်လည်းကောင်း ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

၂။ အာဏာသိမ်းစစ်ကောင်စီသည် စစ်ဘက်၊ အရပ်ဘက်၊ ကလေးသူငယ်ဟူ၍ ခွဲခြားမှုမရှိ၊ ပြည်သူလူထု အသက်အိုးအိမ်ထိခိုက် အသက်ဆုံးရှုံးမည်ကိုလည်း လုံးဝငဲ့ညာခြင်းမရှိပဲ အင်အားအလွန်အကျွံသုံး ဗုံးကြဲပစ်ခတ် တိုက်ခိုက်ခြင်းသည် စစ်ရာဇဝတ်မှု (War Crime) ကို ထပ်မံကျူးလွန်လိုက်ခြင်းဖြစ်၍ ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံးအနေဖြင့် ဤလုပ်ရပ်အား ပြင်းထန်စွာ ရှုတ်ချပါသည်။

၃။ အာဏာသိမ်းစစ်ကောင်စီ၏ စစ်တပ်သည် အရပ်သားပြည်သူများ၊ ဆေးရုံ၊ ကျောင်း၊ ဘာသာရေး အဆောက်အအုံ စသည့် အများပြည်သူများနှင့် သက်ဆိုင်သော အဆောက်အဦးများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား တိုက်ခိုက်မှုများအပါအဝင် အခြား လူမဆန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျေးလက်မြို့ပြမကျန် နိုင်ငံတဝှမ်းတွင် နှစ်ပေါင်းများစွာအတွင်း ကြိမ်ဖန်ပေါင်းများစွာ ကျူးလွန်လျက် ရှိသည်၊ တချိန်တည်းမှာပင် အာဏာသိမ်းစစ်ကောင်စီ၏စစ်တပ်သည် စစ်ဘေးရှောင်ပြည်သူအတွက်

လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အကူအညီပေးရေးကို လက်နက်သဖွယ် နိုင်ငံရေးအမြတ်ထုတ်ရန် ကြိုးစားနေသည်ကိုလည်း တွေ့ရှိရသည်။

၄။ လူသားမျိုးနွယ်ကို ကျူးလွန်သောပြစ်မှုများနှင့်စစ်ရာဇဝတ်မှုများကို မရပ်မနား ဆက်လက်ကျူးလွန်နေသော အာဏာသိမ်းစစ်ကောင်စီကို နိုင်ငံတကာအသိုင်းအဝန်းအနေဖြင့် အမြန်ဆုံးနှင့် အထိရောက်ဆုံး အရေးယူဆောင်ရွက်ပေးရန်နှင့် နိုင်ငံတကာဆက်ဆံရေးအခင်းအကျင်းတွင် အာဏာသိမ်းစစ်ကောင်စီကို နေရာပေးနေခြင်း၊ ငွေကြေး၊ လက်နက်ခဲယမ်းများ ဆက်လက်ရရှိနေရေးအတွက် နည်းမျိုးစုံဖြင့် ပံ့ပိုးနေမှုများ၊ အကာအကွယ်ပေးနေခြင်းများကို  ရပ်တန်းကရပ်ရေးအတွက် ဆောင်ရွက်ပေးရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။

၅။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် ကချင်ပြည်သူများအပါအဝင် မြန်မာပြည်သူလူထုတစ်ရပ်လုံးနှင့်တစ်သားတည်းရပ်တည်ပြီး အရပ်သားပြည်သူများအား တတ်စွမ်းသရွေ့ အကာအကွယ်ပေးမှုများတို့ကို ဆတက်ထမ်းပိုး လုပ်ဆောင်ပေးသွားမည် ဖြစ်ကြောင်းနှင့် မဟာလူမျိုးကြီးဝါဒ နှင့် အာဏာရှင်စနစ် ချုပ်ငြိမ်းရေးအတွက် တော်လှန်သူအင်အားစုများနှင့်အတူ ဆက်လက်တိုက်ပွဲဝင် သွားမည်ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ<br>
ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး<br>
ဗဟိုဌာနချုပ်

ဆက်သွယ်ရန်-

(1) +66 94 538 6865

(2) +66 963963351

E-mail: knu.comm@protonmail.com